
Martial Arts Panel
Techniques
Gale Knife Technique (Lv. 1)
Level Up (3 EP)
ငါ့မှာ ရွှေလက်ချောင်း ရှိတယ်
B&B Translation

ငါ့မှာ ရွှေလက်ချောင်း ရှိတယ် (စာစဉ်-၁၈)

အခန်း (၁၇၁)
ခရိုင်နှစ်ခုအား ပြန်လည်သိမ်းပိုက်ခြင်းနှင့်
ထောင်ထောင်၊
ကောယယ်တို့အား ကျင့်ကြံစေခြင်း
*

ဘုန်းခနဲ အသံထွက်ပေါ်လာသည်။

သွေးရောင်ဝတ်ရုံပိုင်ရှင်၏ ခေါင်းမှာ လိမ့်ဆင်း သွားသော်လည်း သူ၏ခန္ဓာကိုယ်မှာမူ စက္ကန့် အနည်းငယ်ကြာမှသာ စင်မြင့်ထက်မှ ပြုတ်ကျ သွားလေသည်။

သွေးကဲ့သို့ နီရဲသော သံချပ်ကာများကို

ဝတ်ဆင်ထားသည့် သွေးအရိပ်ဂိုဏ်းသားများ၏ မျက်လုံးထဲမှ ရူးသွပ်မှုနှင့် လောဘတရားတို့မှာ လုံးဝ ပျောက်ကွယ်သွားခဲ့ပြီး ထိုနေရာတွင် ရှုပ်ထွေးမှု၊ ကြောက်ရွံ့မှုနှင့် အခြားသော ခံစားချက်ပေါင်းစုံတို့ အစားထိုး ဝင်ရောက်လာချေပြီ။

သူတို့မျက်စိရှေ့မှောက်တွင်ပင် ဖေးယွင်ပြည်နယ် အရှေ့တောင်ဘက်ရှိ ခရိုင်ဆယ်ခုအား တိုက်ခိုက်ရန် ဦးဆောင်မည့် ဟင်းလင်းပြင်နယ်ပယ် ခေါင်းဆောင်ကြီးမှာ အလွယ်တကူ အသတ်ခံလိုက်ရလေသည်။

ဤမြင်ကွင်းမှာ သူတို့အတွက် ယုံကြည်နိုင်ဖွယ်ရာ မရှိအောင် ဖြစ်စေခဲ့သည်။

သူတို့ ထွက်ပြေးချင်ကြသော်လည်း ဟင်းလင်းပြင်နယ်ပယ်၏ ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားမှာ လူတိုင်း၏ ခန္ဓာကိုယ်အား မထိန်းချုပ်နိုင်ဖြစ်စေကြောင်း တွေ့ရှိလိုက်

ရသည်။ သူတို့၏ ခြေလက်များမှာ လုံးဝ လှုပ်ရှား၍ မရနိုင်တော့ချေ။

ဧရာမလင်းယုန်မိစ္ဆာသားရဲကြီးသည် စင်မြင့်ပေါ်သို့ ဖြည်းညင်းစွာ ဆင်းသက်လာလေသည်။

၎င်းက အတောင်ပံများကို ရုပ်သိမ်းကာ ခေါင်းကို မော့ထားလိုက်သည်။ ၎င်း၏ နီရဲနေသော မျက်လုံးများထဲတွင် ဂရုမစိုက်ခြင်းများ ပြည့်နှက်နေပြီး အကြောက်လွန်နေကြသော သွေးအရိုပ်ဂိုဏ်းသားများကို ငုံ့ကြည့်နေလေသည်။

ရှောင်ပေး၏ ခန္ဓာကိုယ်မှ ဟင်းလင်းပြင်နယ်ပယ် မိစ္ဆာသားရဲတစ်ကောင်၏ အရှိန်အဝါများ ထွက်ပေါ်လာကာ တစ်ကွင်းလုံးကို ဖုံးလွှမ်းသွားတော့သည်။

ရှီနင် ဖြည်းညင်းစွာ မတ်တပ်ရပ်လိုက်သည်။

ထိုအခါမှသာ သွေးအရိုပ်ဂိုဏ်းသားများသည် ရှီနင်ကို မြင်တွေ့လိုက်ရသည်။

သူတို့သည် ရှီနင်၏ ခန္ဓာကိုယ်ပုံရိပ်ကိုသာ ဝိုးတဝါး မြင်တွေ့နိုင်ကြလေသည်။

"ငါက ခန်းယွင်ခရိုင်က ရှီနင်ပဲ။"

ရှီနင်၏ အသံမှာ မကျယ်လောင်သော်လည်း ကွင်းတစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

သွေးအရိပ်ဂိုဏ်းသားများမှာ ရင်ဘတ်ကို အပြင်းအထန် ထုနှက်ခံလိုက်ရသလို ခံစားလိုက်ရသည်။

"မင်းတို့ တင့်ယွင်ခရိုင်နဲ့ ချိုးယွင်ခရိုင်ကနေ နေ့ဝက်အတွင်း ထွက်သွားကြရမယ်။"

ရှီနင်က လူတိုင်းကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ "တကယ်လို့ နေ့ဝက်နေလို့မှ ထွက်မသွားသေးတဲ့ သွေးအရိပ်ဂိုဏ်းသားတွေ ရှိနေသေးရင် တစ်ယောက်ချင်းစီ လိုက်သတ်လို့ ငါ့ကို အပြစ်မတင်ကြနဲ့။"

အမှန်တကယ်တွင် ရှီနင်၏ လက်ရှိခွန်အားဖြင့်

ဆိုလျှင် ကွင်းထဲရှိ လူအားလုံးကို သတ်ဖြတ်ရန် စက္ကန့်အနည်းငယ်သာ အချိန်ယူရမည် ဖြစ်သည်။

သို့သော် သွေးအရိပ်ဂိုဏ်း၌ တပ်စွဲထားသော စစ်သည်အင်အား တစ်သောင်းကျော် ရှိနေသဖြင့် ဤလူရာဂဏန်းခန့်ကို သတ်ဖြတ်ခြင်းမှာ အဓိပ္ပာယ်မရှိလှပေ။

ထို့ပြင် သွေးအရိပ်ဂိုဏ်းတွင် သာမန်လူသား စစ်သည်အင်အား ပြတ်လပ်မှုလည်း မရှိချေ။

သူတို့ကို ပြန်လွှတ်လိုက်ပြီး သူတို့၏ ကြောက်ရွံ့မှုများကို အခြားသူများထံသို့ ပျံ့နှံ့စေကာ ရန်သူ၏ စိတ်ဓာတ်ခွန်အားများကို လုံးဝ ဖျက်ဆီးပစ်လိုက်ခြင်းက ပိုကောင်းပေလိမ့်မည်။

ရှီး…

ထိုစကားပြောပြီးသည်နှင့် ရှောင်ဟောက အတောင်ပံများကို စတင်ခတ်လေတော့သည်။

လေပြင်းများက သွေးအရိပ်ဂိုဏ်းသားများကို လွင့်စဥ်သွားစေသည်။

ရှီနင်က လေဟာပြင်ကို လက်တစ်ဖက်ဖြင့် လှမ်းဆုပ်လိုက်ရာ သွေးရောင်ဝတ်ရုံပိုင်ရှင်၏ ခေါင်းမှာ သူ၏ လက်ထဲသို့ လွင့်ပျံလာလေသည်။

ရှောင်ပေးသည် ကောင်းကင်ယံသို့ မြင့်မားစွာ ပျံသန်းသွားပြီး ကသောင်းကနင်း ဖြစ်နေသော သွေးအရိပ်ဂိုဏ်းသားများကို ချန်ရစ်ခဲ့လေတော့သည်။

ထိုအချိန်၌…

ခန်းယွင်ခရိုင်…

မြို့ပြင်၌ စောင့်ဆိုင်းနေသော တပ်ဖွဲ့များသည် စတင်စုရုံးနေကြပြီ ဖြစ်သည်။

မဟာရာသံချပ်ကာဝတ်တပ်ဖွဲ့များနှင့် မြို့စောင့်တပ်သား အများအပြားသည် မြို့ပြင်

တွင် စုရုံးနေကြသည်။

"မြို့ပြင်မှာ ရန်သူတွေ ရောက်နေပြီလား။"

"မဟူရာသံချပ်ကာဝတ်တပ်ဖွဲ့တွေ ဘာလို့ လှုပ်ရှားလာကြတာလဲ။"

"..."

မြို့ထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်နေလေသည်။ မြို့ထဲ၌ ကျန်ရှိနေသေးသူအားလုံးမှာ စိုးရိမ်ပူပန်နေကြသည်။

"မထိတ်လန့်ကြနဲ့။"

"မဟူရာသံချပ်ကာဝတ်တပ်ဖွဲ့နဲ့ မြို့စောင့်တပ်သားတွေ စုရုံးပြီး ပြန်လည်တိုက်ခိုက်ဖို့ ပြင်ဆင်နေကြတာ။"

မြို့စောင့်တပ်သားတစ်ဦးက မြင်းစီးကာ မြို့သူမြို့သားများ၏ စိတ်ကို တည်ငြိမ်အောင် စတင်ထိန်းသိမ်းလေသည်။

"သူတို့ ပြန်တိုက်ကြတော့မလို့လား။"

"ခန်းယွင်ခရိုင်တော့ ဘေးကင်းသွားပြီထင်တယ်။"

မြို့စောင့်တပ်သား၏ လူထုစိတ်ကို တည်ငြိမ်အောင် ထိန်းသိမ်းသည့်နည်းလမ်းမှာ အလွန်ထိရောက်မှု ရှိလေသည်။

မြို့ပြင်၌...

"သခင်ကြီးဝေ့၊ တပ်ဖွဲ့တွေကို နာရီဝက်အတွင်း စုစည်းပြီးလောက်ပါပြီ။"

နင်ဖုန်းဝမ်၊ ချီးတယိုနှင့် ရှယွမ်ရှင်တို့သည် ဝေ့ပင်ချီ၏ နောက်တွင် ရပ်နေကြသည်။

ဝေ့ချန်ချင်းနှင့် အခြားနှစ်ဦးမှာ ဤနေရာတွင် ပေါ်မလာခဲ့ပေ။

"ညီအစ်ကိုရှီရဲ့ သတင်းကို စောင့်ကြတာပေါ့။"

ဝေ့ပင်ချီသည် တင့်ယွင်ခရိုင်ရှိရာဘက်သို့ လှမ်းကြည့်လိုက်သည်။

သူ စကားပြောပြီးသည်နှင့် ရောမ သိမ်းငှက်

မိစ္ဆာသားရဲကြီး သူတို့ဆီသို့ ပျံသန်းလာသည်ကို ရုတ်တရက် မြင်လိုက်ရသည်။

"ညီအစ်ကိုရှီ ဒီလောက်မြန်မြန် ပြန်ရောက်လာတာလား။"

ဝေ့ပင်ချီမှာ အံ့သြသွားပြီး အနည်းငယ်လည်း စိုးရိမ်သွားသည်။ "ရန်သူက အရမ်းသန်မာလွန်းလို့ ညီအစ်ကိုရှီ မအောင်မြင်ခဲ့တာများလား။"

ရှောင်ဟေးသည် သူတို့ရှေ့တွင် ဆင်းသက်လာခဲ့ပြီ ဖြစ်သည်။

"သွေးအရိပ်ဂိုဏ်းက ဟင်းလင်းပြင်နယ်ပယ် သိုင်းပညာရှင်ကို သတ်လိုက်ပါပြီ။ ကျွန်တော်တို့ အချိန်မရွေး တပ်တွေ စေလွှတ်လို့ ရပါပြီ။"

ရှီနင် ဆင်းသက်လာပြီးနောက် သွေးရောင်ဝတ်ရုံရှင်၏ ခေါင်းကို ဝေ့ပင်ချီနှင့် အခြားသူများ၏ ခြေရင်းသို့ ပစ်ချလိုက်လေသည်။

"ဟင်။"

ဝေ့ပင်ချိနှင့် အခြားသူများမှာ မသိစိတ်အရ ခေါင်းကို ရှောင်တိမ်းလိုက်ကြပြီး နောက်သို့ ခြေလှမ်းအနည်းငယ် ဆုတ်လိုက်မိကြသည်။

သွေးသံရဲရဲ ခေါင်းကို ကြည့်ရင်း ဝေ့ပင်ချိနှင့် အခြားသူများမှာ မှင်သက်သွားကြသည်။

ရှီနင်သည် တစ်ဖက်ရန်သူ၏ ဟင်းလင်းပြင် နယ်ပယ် သိုင်းပညာရှင်၏ ခေါင်းနှင့်အတူ ပြန်ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ညီ... ညီအစ်ကိုရှီ..."

ဝေ့ပင်ချိက တံတွေးမျိုချလိုက်ပြီး မဝံ့မရဲ မေးလိုက်သည်။ "မင်းရဲ့ ခွန်အားအဆင့်က..."

အမှန်တကယ်တွင် အခြားသူတစ်ဦး၏ နယ်ပယ်ကို မေးမြန်းခြင်းမှာ မသင့်လျော်ပေ။

ဝေ့ချန်ချင်းပင်လျှင် ရှီနင်ကို တိုက်ရိုက် မမေးခဲ့ချေ။

သို့သော် ရှီနင်က ဝေ့ပင်ချိအပေါ် လွှမ်းမိုးမှု

အလွန်ကြီးမားလွန်းလှသဖြင့် ရှိနင်၏ ခွန်အားကို သိချင်စိတ် ပြင်းပြသွားစေခဲ့သည်။

"တံဆိပ်တော်နယ်ပယ်ပါ။"

ရှိနင်က တိုက်ရိုက်ပင် ဖြေလိုက်သည်။

"တံဆိပ်တော်နယ်ပယ်။"

ဝေ့ပင်ချီမှာ သူ၏ သွေးများ ရပ်တန့်သွားသကဲ့သို့ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားသည်ကို ခံစားလိုက်ရသည်။

'သူက သာမန်လူသားနယ်ပယ်ကနေ ဟင်းလင်းပြင်နယ်ပယ် အဆင့်ခုနစ်အထိ တက်လှမ်းသွားတာလား။'

ဤပါရမီကို ကြောက်မက်ဖွယ်ကောင်းသည်ဟုပင် ဖော်ပြ၍ မရနိုင်တော့ချေ။

အကယ်၍ ရှိနင်သာ ယွမ်ရှုန်းဂိုဏ်းတွင် ရှိနေပါက ဂိုဏ်းစတင်တည်ထောင်ကတည်းက နံပါတ်တစ် ပါရမီရှင် ဖြစ်လာပေလိမ့်မည်။

မကြာသေးမီနှစ်များအတွင်း ယွမ်ရှန်းဂိုဏ်းတွင် ထွန်းတောက်လာခဲ့သော ဝမ်ရန်ကျင်းပင်လျှင် ရှီနင်နှင့် အဆင့်တူ မဟုတ်ပေ။

ဝေ့ပင်ချီက ရှီနင်ကို အတွင်းပိုင်းချီနယ်ပယ်သို့မဟုတ် ချီလှုပ်ရှားမှုနယ်ပယ်တွင် ရှိနေမည်ဟု ထင်မှတ်ထားခဲ့သည်။ သို့သော် ရှီနင်မှာ တံဆိပ်တော်နယ်ပယ်တွင် ရှိနေလိမ့်မည်ဟု မထင်ထားခဲ့ပေ။

တံဆိပ်တော်နယ်ပယ် သိုင်းပညာရှင်တစ်ဦး၏ ခွန်အားမှာ သူ၏ မိသားစုရှိ ဂိုဏ်းအကြီးအကဲတစ်ဦးနှင့် ယှဉ်နိုင်လေသည်။

"တံဆိပ်တော်နယ်ပယ်။"

ဝေ့ပင်ချီနှင့် ယှဉ်လျှင် ချီးတယိနှင့် အခြားနှစ်ဦးမှာ အနည်းငယ် ရှုပ်ထွေးသွားကြသည်။

သူတို့သည် ဝေ့ပင်ချီကဲ့သို့ မျိုးရိုးကြီး မိသားစုမှ မွေးဖွားလာခြင်း မဟုတ်သဖြင့် သူတို့၏

ဗဟုသုတမှာ အတော်လေး တိမ်ကောလေသည်။ သူတို့သည် ဟင်းလင်းပြင်နယ်ပယ်အကြောင်းကို သိပ်မသိကြသဖြင့် ဝေ့ပင်ချီတစ်ယောက် အံ့သြလွန်း၍ သေလုမတတ် ဖြစ်သွားသည်ကို နားမလည်နိုင်ကြပေ။

"ညီအစ်ကိုဝေ့၊ အခု တပ်တွေကို စထွက်ဖို့ အမိန့်ပေးလို့ရပါပြီ။ နေ့ဝက်အတွင်း ခရိုင်နှစ်ခုကို ရောက်တဲ့အခါ အလွယ်တကူ သိမ်းပိုက်နိုင်လောက်ပါတယ်။"

ရှီနင်က ဝေ့ပင်ချီအား ပြောလိုက်သည်။

"အို… ကောင်းပါပြီ…"

ဝေ့ပင်ချီမှာ ထုံထိုင်းနေဆဲပင်။

"ကံကောင်းပါစေဗျာ။"

ရှီနင်က သူ၏တာဝန် ပြီးဆုံးသွားပြီဖြစ်ကြောင်း သိသဖြင့် ဆက်မနေတော့ပေ။

ထို့နောက် ရှောင်ဟေးသည် ရှီနင်နှင့်အတူ

ပုံျသန်းထွက်ခွာသွားလေသည်။

"တပ်မှူးငွေ၊ တံဆိပ်တော်နယ်ပယ်ဆိုတာ ဘယ်နယ်ပယ်ကို ပြောတာလဲဗျ။"

ရှီနင် ထွက်သွားသည်ကို မြင်ပြီးနောက် ချီးတယိုက ငွေပင်ချီအား တီးတိုးမေးလိုက်သည်။

ငွေပင်ချီက နှုတ်ခမ်းကိုစေ့ကာ ရိုးရှင်းစွာ ဖြေလိုက်သည်။ "ဟင်းလင်းပြင်နယ်ပယ် အဆင့်ခုနစ်လေ။"

ချီးတယိုနှင့် အခြားနှစ်ဦး ထိုစကားကို ကြားသောအခါ ချက်ချင်းပင် ငွေပင်ချီကဲ့သို့ ဖြစ်သွားကြတော့သည်။

"ကောင်းပြီ၊ အချိန်မဖြုန်းကြနဲ့တော့၊ သွားကြစို့။"

ငွေပင်ချီလည်း သတိဝင်လာသည်။ "တင့်ယွင်ခရိုင်နဲ့ ချိုးယွင်ခရိုင်ကို ပြန်သိမ်းကြမယ်။"

ငွေပင်ချီ၏ အမိန့်ဖြင့် ခန်းယွင်ခရိုင်တွင် တပ်စွဲ

ထားသော မဟူရာသံချပ်ကာဝတ်တပ်ဖွဲ့များနှင့် မြို့စောင့်တပ်သားများအား ခရိုင်နှစ်ခုဆီသို့ စေလွှတ်လိုက်လေသည်။

ခရိုင်နှစ်ခုအား ပြန်လည်သိမ်းပိုက်ရသည့် လုပ်ငန်းစဉ်မှာ ဝေ့ပင်ချီ အစပိုင်းက မျှော်လင့်ထားသည်ထက် များစွာ လွယ်ကူနေခဲ့သည်။

သူတို့ ခရိုင်နှစ်ခုသို့ ရောက်ရှိချိန်တွင် တပ်စွဲထားသော သွေးအရိပ်ဂိုဏ်းသားအားလုံးမှာ ပျောက်ကွယ်နေပြီ ဖြစ်သည်။

ရှီနင်သည် သွေးအရိပ်ဂိုဏ်းသားများအပေါ် ကြီးမားသော အရိပ်မည်းကြီးတစ်ခု ကျရောက်စေခဲ့သည်။

သူတို့မှာ ထွက်ပြေးရန်မှတစ်ပါး အခြား ရွေးချယ်စရာ မရှိတော့ချေ။

ရှီနင်ကြောင့် ဖေးယွင်ပြည်နယ် အရှေ့တောင်ပိုင်းရှိ ခက်ခဲသော အခြေအနေမှာ အလွယ်တကူ

ပြောင်းလဲသွားခဲ့လေသည်။

တစ်ရက်အကြာတွင် မဟူရာသံချပ်ကာဝတ် တပ်ဖွဲ့က ခရိုင်နှစ်ခုကို သိမ်းပိုက်လိုက်ပြီ ဖြစ်ကြောင်း သတင်းထွက်ပေါ်လာသည်။

ကိုယ်ပိုင်လုံခြုံရေးအတွက် စိုးရိမ်နေကြသော ခန်းယွင်ခရိုင်သူခရိုင်သားများအားလုံး သက်ပြင်းချနိုင်သွားကြသည်။ မြို့နှင့် မြို့သူမြို့ သားများအားလုံးမှာ စိတ်အားထက်သန်မှုများ ဖြင့် ပြည့်နှက်နေကြလေသည်။

ရှီနင်မှာမူ ထောင်ရွာသို့ ပြန်လာကာ သူ၏ မိသားစုနှင့် ဆက်လက်နေထိုင်လေသည်။

ရက်အနည်းငယ် ကုန်လွန်သွားခဲ့ပြီးနောက်...

ထောင်ထောင်နှင့် ကောယယ်တို့သည် ရှီနင်၏ အိမ်၌ ရှိနေကြသည်။

"ရှီနင်၊ မင်း ငါ့ကို ဘာလို့ ဒီခေါ်လိုက်တာလဲ။"

အစောပိုင်း၌ ရှီနင်သည် ကောယယ်အား သူတို့

အိမ်သို့ လာရန် ထောင်ထောင်ကို ခေါ်ခိုင်းလိုက်ခြင်း ဖြစ်သည်။

ရှီနင်က ကောယယ်ကို လျစ်လျူရှုကာ ကြွေပုလင်းနှစ်လုံးကို ထုတ်ယူလိုက်သည်။

"မင်းတို့ တစ်ယောက်တစ်ပုလင်းစီ၊ အထဲက ဆေးလုံးတွေကို စားလိုက်။"

ရှီနင်က အမိန့်ပေးသည့် လေသံဖြင့် ပြောလိုက်သည်။

"ဆေးလုံးတွေ။ ဒါတွေကို စားလို့ရတာ မဟုတ်ဘူးမလား။"

ကောယယ်က အတော်လေး သတိထားနေသည်။

သို့သော် ထောင်ထောင်က ရှေ့သို့ကိုင်းကာ ကြွေပုလင်းကို လှမ်းယူရန် သူမ၏ လက်ကို ဆန့်ထုတ်လိုက်လေပြီ။

ဖောက်...

ထောင်ထောင်က ပုလင်းအဆို့ကို ဖွင့်လိုက်သည်။

ပြင်းထန်သော ဆေးရနံ့တစ်ခုက အခန်းတစ်ခုလုံးသို့ ချက်ချင်း ပြန့်နှံ့သွားလေသည်။

"အရမ်းမွှေးတာပဲ။"

ထောင်ထောင်မှာ သွားရည်ကျနေပြီ ဖြစ်သည်။ သူမက လက်အကျီစဖြင့် ပါးစပ်ကို အမြန်သုတ်လိုက်ပြီး ပုလင်းကို ပါးစပ်တည့်တည့်ချိန်ကာ ခေါင်းကို မော့ချလိုက်သည်။

ဆေးလုံးများက ထောင်ထောင်၏ ပါးစပ်ထဲသို့ လိမ့်ဝင်သွားပြီး သူမ၏ အစာအိမ်ထဲသို့ စီးဆင်းသွားတော့သည်။

"အရမ်းပူတာပဲ။"

ထောင်ထောင်က နှောင်တရနေသည့် မျက်နှာထားဖြင့် သူမ၏ ဗိုက်ကို ဖိထားလိုက်သည်။

သူမသည် အရသာကိုပင် မမြည်းစမ်းရသေးမီ ဆေးလုံးများကို အရည်ပျော်သွားစေခဲ့သည်မှာ သိသာလှပေသည်။

"ဦးလေးယယ် မစားဘူးလား၊ မစားရင် သမီး စားလိုက်မှာနော်။"

ထောင်ထောင်က စားပွဲပေါ်ရှိ ကြွေပုလင်းကို တစ်ချက်ကြည့်လိုက်ပြီး ကောယယ်ကို လှမ်း ကြည့်လိုက်သည်။

"ငါ စားမှာပေ့ါ။"

ကောယယ်က ကြွေပုလင်းကို အမြန်ဆွဲယူ လိုက်သည်။

ကောယယ်လည်း စောစောက ဆေးရနံ့ကို ရ လိုက်သဖြင့် သွားရည်ကျနေခဲ့သည်။

ကောယယ်သည် ဆေးလုံးကို မျိုချလိုက်သည်။

'ဒီခံစားချက်က...'

ဆေးလုံးများကို မျိုချပြီးနောက် ကောယယ်မှာ

သက်သောင့်သက်သာ ဖြစ်သွားသည်။

"ဒါက ဘာဆေးလုံးတွေလဲ။"

ကောယယ်က ရှီနင်ကို မေးလိုက်သည်။

"မင်းရဲ့ သိုင်းပညာအခြေခံကို တည်ဆောက်ပေးမယ့် ဆေးလုံးတစ်မျိုးပဲ။"

ရှီနင်က ပြန်ဖြေလိုက်သည်။

"ဒါဆို ငါစားလိုက်ရင် နှမြောစရာကြီး မဟုတ်ဘူးလား။"

ကောယယ် ထိုစကားကို ကြားပြီးနောက် ရုတ်တရက် နောင်တရသွားသည်။ "ငါ့ရဲ့ သိုင်းပညာပါရမီက အရမ်းညံ့နေပြီလေ။ ငါစားလိုက်လည်း အလကားပဲ ဖြစ်မှာ။"

ရှီနင် ပြုံးလိုက်ပြီး ခေါင်းခါပြလိုက်သည်။ "ရပါတယ်။"

ရှီနင်က ထောင်ထောင်နှင့် ကောယယ်ကို ဤဆေးလုံးများ ကျွေးရခြင်းမှာ သူတို့၏ သိုင်းပညာ

လမ်းစဉ်အတွက် ကြိုတင်ပြင်ဆင်ပေးရန် ဖြစ်သည်။

ထို့ပြင် ရှီနင်သည် သူတို့နှစ်ဦးအတွက် မတူညီသော ကျင့်ကြံရေးအစီအစဉ်ကို ရေးဆွဲထားပြီး ဖြစ်သည်။

ထောင်ထောင်မှာ ငယ်ရွယ်သေးပြီး အလားအလာကောင်းများစွာ ရှိသည်။ သူမအတွက် ကောင်းမွန်သော အခြေခံတစ်ခုကို တည်ဆောက်ပေးနိုင်ပြီး သူမ၏ ပါရမီကို မြှင့်တင်ပေးကာ အနာဂတ်တွင် သူမ၏ ခွန်အားကို မှန်မှန် တိုးတက်စေနိုင်ပေသည်။

ကောယယ်မှာမူ အသက်ပိုကြီးနေပြီဖြစ်ကာ သူ၏ သိုင်းပညာပါရမီမှာလည်း အလွန်အမင်း ညံ့ဖျင်းလှသည်။ ရှီနင်သည် သူ၏ ခွန်အားကို တိုးမြှင့်ရန်အတွက် ဆေးလုံးများကို အသုံးပြုရန် စီစဉ်ထားပြီး ဖြစ်သည်။

သူ၏ အမြင့်ဆုံးရောက်ရှိနိုင်မှုမှာ မမြင့်မားသဖြင့် ကောယယ်မှာ ဆေးလုံးများ အလွန်အကျွံစားသုံးမိပြီး ပါရမီ ထိခိုက်သွားမည်ကို ရှီနင် မကြောက်ပေ။

"ဒီအတွင်းအားကျင့်စဉ်ကို ယူထားလိုက်။"

ရှီနင်သည် <ချင်းမြောင်ကျင့်စဉ်> ဟု ခေါ်သော အတွင်းအားကျင့်စဉ် စာအုပ်တစ်အုပ်ကို ပစ်ပေးလိုက်သည်။

ရှီနင်၏ လက်ရှိအခြေခံအရ ကောယယ်နှင့် သင့်လျော်မည့် အတွင်းအားကျင့်စဉ် စာအုပ်တစ်အုပ်ကို ထုတ်ယူရန်မှာ မခက်ခဲလှချေ။

"ချင်းမြောင်ကျင့်စဉ်..."

ကောယယ်က ၎င်းကို လှမ်းယူလိုက်ပြီး မျက်မှောင်ကြုတ်ကာ စာအုပ်မျက်နှာဖုံးကို တစ်ချက်ကြည့်လိုက်သည်။

"ဒီနေ့ကစပြီး မင်း ငါ့အိမ်ကို နေ့တိုင်းလာရ

မယ်၊ ပြီးတော့ ငါ မင်းကို ဒီအတွင်းအားကျင့်စဉ် သင်ပေးမယ်။"

ရှီနင်က ပြောလိုက်သည်။

"ဟင်။"

ကောယယ် ချက်ချင်းပင် ရှုပ်ထွေးသွားပုံ ပေါ်သည်။ "ထားလိုက်ပါတော့ကွာ... ငါက..."

"ငှါဆေးလုံးတွေ စားပြီးတာတောင်မှ မင်းက ထားလိုက်ပါတော့ ပြောချင်သေးတာလား။"

ရှီနင်က လှောင်ပြုံး ပြုံးလိုက်သည်။

ကောယယ်က သူ့ကိုယ်သူ အလိမ်ခံလိုက်ရပြီဟု ခံစားလိုက်ရသဖြင့် ကံကြမ္မာကိုသာ လွှဲချလိုက်တော့သည်။ "ကောင်းပါပြီကွာ..."

"သမီးကျတော့ရော။ သမီးကျတော့ရော။"

ထောင်ထောင်က အလျင်အမြန် ပြောလိုက်သည်။ "ဦးလေး၊ သမီးကျတော့ ဘာကျင့်ရမလဲ ဟင်။"

"သမီးလား။"

ရွှီနင်က ထောင်ထောင်၏ နဖူးကို ခပ်ဖွဖွ တောက်လိုက်သည်။ "သမီးက ငယ်သေးတယ်လေ၊ နည်းနည်းလောက် စောင့်ပါဦး။"

"မရပါဘူး။"

ထောင်ထောင်က ချက်ချင်း ကန့်ကွက်လိုက်သည်။ "သမီးလည်း ဆေးလုံးတွေ စားထားတာပဲဟာကို။"

"အင်း..."

ရွှီနင်က နှုတ်ခမ်းကိုစေ့ကာ စဉ်းစားဟန်ဆောင်လိုက်သည်။ "ကောင်းပြီလေ၊ ဒါဆို သမီးအရင် လေ့ကျင့်လို့ရမယ့် အခြေခံ ပြင်ပသိုင်းကွက်တချို့ကို ဦးလေး သင်ပေးမယ်။"

"ဟုတ်ကဲ့။"

ထောင်ထောင်က သူမ၏ ကျစ်ဆံမြီးကို ဆုပ်ကိုင်ကာ ခေါင်းလေးစောင်းလိုက်ရာ သူမ၏

မျက်လုံးများ အရောင်တောက်သွားလေတော့သည်။

***